စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်
# တိုင်းဒေသကြီး/ပြည်နယ်များ၏
# ပထမ(၃)လပတ် (အောက်တိုဘာလမှဒီဇင်ဘာလအထိ)
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ
# (In Year Report)

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်

## ပထမ (၃) လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ (In Year Report)

၁။ တိုင်းဒေသကြီး/ ပြည်နယ်များ အဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ပထမ (၃)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃)လပတ် အကောင်အထည်ဖော်မှုတန်ဖိုး | ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ် ပထမ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | **ရငွေ** | **၁,၁၂၅,၂၄၅.၃၂၅** | **၁,၂၇၉,၇၀၃.၈၁၃** | **၁,၃၉၇,၇၈၁.၆၂၅** | **၁၀၉.၂၃%** |
| | သာမန် | ၁,၀၉၅,၅၄၇.၀၄၃ | ၁,၂၂၂,၈၀၂.၂၆၃ | ၁,၃၇၂,၀၃၄.၅၂၀ | ၁၁၂.၂၀% |
| | ငွေလုံးငွေရင်း | ၁၆,၇၉၃.၁၇၈ | ၁၇,၉၉၄.၄၄၈ | ၁၅,၀၂၅.၃၆၉ | ၈၃.၅၀% |
| | ကြွေးမြီ | ၁၂,၉၀၅.၁၀၄ | ၃၈,၉၀၇.၁၀၂ | ၁၀,၇၂၁.၇၃၆ | ၂၇.၅၆% |
| (ခ) | **သုံးငွေ** | **၂၉၀,၄၉၃.၄၄၆** | **၆၀၆,၄၅၉.၀၃၈** | **၃၀၆,၈၄၁.၄၃၃** | **၅၀.၆၀%** |
| | သာမန် | ၁၅၆,၈၃၃.၇၃၂ | ၂၂၆,၇၇၁.၅၃၈ | ၁၆၅,၄၇၄.၂၁၀ | ၇၂.၉၇% |
| | ငွေလုံးငွေရင်း | ၁၃၀,၆၅၉.၇၁၄ | ၃၇၉,၆၈၇.၅၀၀ | ၁၄၁,၃၆၇.၂၂၃ | ၃၇.၂၃% |
| | ကြွေးမြီ | ၃,၀၀၀.၀၀၀ | - | - | |
| (ဂ) | ပိုငွေ(+)/ လိုငွေ(-) | (+) ၈၃၄,၇၅၁.၈၇၉ | (+) ၆၇၃,၂၄၄.၇၇၅ | (+) ၁,၀၉၀,၉၄၀.၁၉၂ | |

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ် ( အောက်တိုဘာလမှ ဒီဇင်ဘာလအထိ) တိုင်းဒေသကြီး/ ပြည်နယ်များ၏ ယာယီရငွေ သုံးငွေများကို နောက်ဆက်တွဲ (က) ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို နောက်ဆက်တွဲ (ခ) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ် (အောက်တိုဘာလ မှ ဒီဇင်ဘာလအထိ)

# တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

# (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ပထမ (၃) လပတ်အတွက် လျာထားချက် | | | ပထမ (၃) လပတ် အတွက် ယာယီစာရင်း | | | ပထမ (၃)လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၉၄,၇၁၈.၆၉၆ | ၂၉,၃၆၁.၆၃၀ | +၆၅,၃၅၇.၀၆၆ | ၁၀၀,၈၇၇.၇၁၀ | ၁၁,၇၂၀.၁၄၃ | +၈၉,၁၅၆.၅၆၇ | ၁၀၆.၅၀% | ၃၉.၉၂% |
| ၂ | ကယားပြည်နယ် | ၃၄,၉၄၃.၈၄၂ | ၂၂,၄၃၈.၇၅၆ | +၁၂,၅၀၅.၀၈၆ | ၃၅,၇၀၄.၃၅၁ | ၅,၆၅၈.၄၂၈ | +၃၀,၀၄၅.၉၂၃ | ၁၀၂.၁၈% | ၂၅.၂၂% |
| ၃ | ကရင်ပြည်နယ် | ၅၀,၈၇၉.၁၀၈ | ၃၄,၈၁၃.၁၉၁ | +၁၆,၀၆၅.၉၁၇ | ၅၅,၅၂၅.၈၆၃ | ၂၃,၃၂၅.၉၇၈ | +၃၂,၁၉၉.၈၈၅ | ၁၀၉.၁၃% | ၆၇.၀၀% |
| ၄ | ချင်းပြည်နယ် | ၇၉,၉၆၃.၆၂၅ | ၃၄,၂၆၂.၀၁၁ | +၄၅,၇၀၁.၆၁၄ | ၈၃,၅၉၉.၇၂၂ | ၂၄,၁၈၄.၂၀၂ | +၅၉,၄၁၅.၅၂၀ | ၁၀၄.၅၅% | ၇၀.၅၉% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂၀,၇၈၆.၉၂၀ | ၄၉,၀၇၀.၇၇၂ | +၇၁,၇၁၆.၁၄၈ | ၁၂၅,၅၀၈.၄၉၉ | ၂၀,၄၈၇.၁၉၀ | +၁၀၅,၀၂၁.၃၀၉ | ၁၀၃.၉၁% | ၄၁.၇၅% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၈၄,၉၄၈.၄၀၂ | ၄၄,၂၂၇.၉၇၅ | +၄၀,၇၂၀.၄၂၇ | ၈၇,၅၇၃.၉၆၁ | ၁၇,၄၅၃.၄၉၇ | +၇၀,၁၂၀.၄၆၄ | ၁၀၃.၀၉% | ၃၉.၄၆% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁၁,၄၀၁.၂၈၄ | ၃၁,၄၅၆.၅၉၇ | -၂၀,၀၅၅.၃၁၃ | ၉၁,၈၁၂.၅၂၃ | ၁၁,၃၉၅.၀၈၃ | +၈၀,၄၁၇.၄၄၀ | ၈၀၅.၂၈% | ၃၆.၂၂% |
| ၈ | မကွေးတိုင်းဒေသကြီး | ၉၆,၅၂၁.၂၅၀ | ၂၄,၅၄၂.၆၇၁ | +၇၁,၉၇၈.၅၇၉ | ၉၉,၄၃၄.၃၃၆ | ၁၈,၈၀၃.၄၆၈ | +၈၀,၆၃၀.၈၆၈ | ၁၀၃.၀၂% | ၇၆.၆၂% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၂၄,၀၅၃.၇၄၅ | ၆၆,၅၉၃.၅၈၁ | +၅၇,၄၆၀.၁၆၄ | ၁၁၅,၁၂၅.၄၀၇ | ၃၃,၁၂၆.၁၄၅ | +၈၁,၉၉၉.၂၆၂ | ၉၂.၈၀% | ၄၉.၇၄% |
| ၁၀ | မွန်ပြည်နယ် | ၅၅,၅၁၈.၆၄၄ | ၁၉,၄၄၇.၇၄၀ | +၃၆,၀၇၀.၉၀၄ | ၆၀,၁၄၃.၈၉၉ | ၁၆,၀၇၃.၂၂၅ | +၄၄,၀၇၀.၆၇၄ | ၁၀၈.၃၃% | ၈၂.၆၅% |
| ၁၁ | ရခိုင်ပြည်နယ် | ၉၂,၃၁၁.၈၀၀ | ၃၈,၅၈၀.၆၈၆ | +၅၃,၇၃၁.၁၁၄ | ၉၄,၇၆၁.၉၉၃ | ၁၇,၅၂၆.၅၂၅ | +၇၇,၂၃၅.၄၆၈ | ၁၀၂.၆၅% | ၄၅.၄၃% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၀၈,၉၃၉.၇၀၈ | ၁၂၆,၈၃၁.၁၈၄ | +၈၂,၁၀၈.၅၂၄ | ၂၂၀,၄၀၃.၁၀၇ | ၅၃,၄၈၃.၂၅၄ | +၁၆၇,၉၁၉.၈၅၃ | ၁၀၅.၉၇% | ၄၂.၁၇% |
| ၁၃ | ရှမ်းပြည်နယ် | ၁၄၃,၂၈၂.၁၈၂ | ၅၃,၆၂၉.၇၅၆ | +၈၉,၆၅၂.၄၂၆ | ၁၃၉,၃၅၀.၁၂၃ | ၃၉,၁၆၅.၆၇၅ | +၁၀၀,၁၈၄.၄၄၈ | ၉၇.၂၆% | ၇၃.၀၃% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈၁,၄၃၄.၆၀၇ | ၃၁,၂၀၂.၄၈၈ | +၅၀,၂၃၂.၁၁၉ | ၈၆,၉၆၀.၁၃၁ | ၁၄,၄၃၇.၆၂၀ | +၇၂,၅၂၂.၅၁၁ | ၁၀၆.၇၉% | ၄၆.၂၇% |
| | စုစုပေါင်း | ၁,၂၇၉,၇၀၃.၈၁၃ | ၆၀၆,၄၅၉.၀၃၈ | +၆၇၃,၂၄၄.၇၇၅ | ၁,၃၉၇,၇၈၁.၆၂၅ | ၃၀၆,၈၄၁.၄၃၃ | +၁,၀၉၀,၉၄၀.၁၉၂ | ၁၀၉.၂၃% | ၅၀.၆၀% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ် (အောက်တိုဘာလ မှ ဒီဇင်ဘာလအထိ)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ပထမ (၃) လပတ်အတွက် လျာထားချက် | | | ပထမ (၃) လပတ် အတွက် ယာယီစာရင်း | | | ပထမ (၃)လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၉၄,၇၁၈.၆၉၆ | ၇,၈၅၇.၇၅၆ | +၈၆,၈၆၀.၉၄၀ | ၁၀၀,၈၇၁.၀၁၀ | ၆,၁၃၀.၂၅၈ | +၉၄,၇၄၀.၇၅၂ | ၁၀၆.၅၀% | ၇၈.၀၂% |
| ၂ | ကယားပြည်နယ် | ၃၄,၉၄၃.၈၄၂ | ၃,၄၃၅.၃၃၂ | +၃၁,၅၀၈.၅၁၀ | ၃၅,၆၉၇.၄၁၁ | ၃,၂၃၀.၄၄၈ | +၃၂,၄၆၆.၉၆၃ | ၁၀၂.၁၆% | ၉၄.၀၄% |
| ၃ | ကရင်ပြည်နယ် | ၅၀,၈၇၉.၁၀၈ | ၅,၂၅၈.၈၄၅ | +၄၅,၆၂၀.၂၆၃ | ၅၅,၅၂၅.၈၆၃ | ၄,၃၃၁.၉၇၈ | +၅၁,၁၉၃.၈၈၅ | ၁၀၉.၁၃% | ၈၂.၃၈% |
| ၄ | ချင်းပြည်နယ် | ၇၉,၉၆၃.၆၂၅ | ၇,၄၆၃.၂၀၀ | +၇၂,၅၀၀.၄၂၅ | ၈၃,၅၈၉.၇၂၂ | ၅,၀၇၁.၈၄၄ | +၇၈,၅၁၇.၈၇၈ | ၁၀၄.၅၃% | ၆၇.၉၆% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂၀,၇၈၆.၉၂၀ | ၂၅,၀၃၉.၆၁၆ | +၉၅,၇၄၇.၃၀၄ | ၁၂၅,၅၀၈.၄၇၈ | ၁၆,၀၆၃.၅၂၈ | +၁၀၉,၄၄၄.၉၅၀ | ၁၀၃.၉၀% | ၆၄.၁၅% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၈၄,၉၄၈.၄၀၂ | ၇,၀၂၂.၀၄၂ | +၇၇,၉၂၆.၃၆၀ | ၈၇,၅၃၈.၄၃၆ | ၃,၆၈၈.၁၉၇ | +၈၃,၈၅၀.၂၃၉ | ၁၀၃.၀၅% | ၅၂.၅၂% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁၁,၄၀၀.၂၈၄ | ၁၃,၃၁၁.၇၈၈ | -၁,၉၁၀.၅၀၄ | ၉၁,၇၇၀.၆၆၄ | ၁၀,၆၈၀.၄၇၆ | +၈၁,၀၉၀.၁၈၈ | ၈၀၄.၉၂% | ၈၀.၂၃% |
| ၈ | မကွေးတိုင်းဒေသကြီး | ၉၆,၅၂၁.၁၅၀ | ၁၉,၀၂၈.၀၄၇ | +၇၇,၄၉၃.၁၀၃ | ၉၉,၄၃၄.၀၃၆ | ၁၄,၅၂၉.၃၂၅ | +၈၄,၉၀၄.၇၁၁ | ၁၀၃.၀၂% | ၇၆.၃၆% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၀၃,၂၆၇.၇၄၈ | ၃၈,၈၂၅.၂၇၇ | +၆၄,၄၄၂.၄၇၁ | ၁၀၉,၂၅၃.၉၅၂ | ၂၃,၂၉၁.၂၃၃ | +၈၅,၉၆၂.၇၁၉ | ၁၀၅.၈၀% | ၅၉.၉၉% |
| ၁၀ | မွန်ပြည်နယ် | ၅၅,၅၁၈.၆၄၄ | ၅,၄၀၇.၇၀၂ | +၅၀,၁၁၀.၉၄၂ | ၅၉,၅၄၀.၈၉၉ | ၅,၀၇၄.၀၉၆ | +၅၄,၄၆၆.၈၀၃ | ၁၀၇.၂၄% | ၉၃.၈၃% |
| ၁၁ | ရခိုင်ပြည်နယ် | ၈၉,၆၁၃.၁၉၉ | ၁၀,၉၅၂.၅၇၅ | +၇၈,၆၆၀.၆၂၄ | ၉၃,၂၁၄.၃၈၈ | ၈,၆၇၇.၁၆၄ | +၈၄,၅၃၇.၂၂၄ | ၁၀၄.၀၂% | ၇၉.၂၂% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၇၅,၅၃၁.၉၂၈ | ၄၃,၁၆၂.၁၃၅ | +၁၃၂,၃၆၉.၇၉၃ | ၂၀၃,၈၀၁.၃၈၆ | ၃၂,၉၉၉.၉၀၀ | +၁၇၀,၈၀၁.၄၈၆ | ၁၁၆.၁၁% | ၇၆.၄၆% |
| ၁၃ | ရှမ်းပြည်နယ် | ၁၄၃,၂၈၂.၁၈၂ | ၂၆,၉၃၄.၆၂၀ | +၁၁၆,၃၄၇.၅၆၀ | ၁၃၉,၃၄၆.၅၂၃ | ၂၀,၉၅၁.၁၀၅ | +၁၁၈,၃၉၅.၄၁၈ | ၉၇.၂၅% | ၇၇.၇၉% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈၁,၄၂၅.၅၃၃ | ၁၃,၀၇၂.၆၀၂ | +၆၈,၃၅၂.၉၃၁ | ၈၆,၉၄၁.၇၅၂ | ၁၀,၇၅၄.၆၅၈ | +၇၆,၁၈၇.၀၉၄ | ၁၀၆.၇၇% | ၈၂.၂၇% |
| | စုစုပေါင်း | ၁,၂၂၂,၈၀၂.၂၆၃ | ၂၂၆,၇၇၁.၅၃၈ | +၉၉၆,၀၃၀.၇၂၅ | ၁,၃၇၂,၀၃၄.၅၂၀ | ၁၆၅,၄၇၄.၂၀၀ | +၁,၂၀၆,၅၆၀.၃၁၀ | ၁၁၂.၂၀% | ၇၂.၉၇% |

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ် (အောက်တိုဘာလ မှ ဒီဇင်ဘာလအထိ)

# တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ပထမ (၃) လပတ်အတွက် လျာထားချက် | | | ပထမ (၃) လပတ် အတွက် ယာယီစာရင်း | | | ပထမ (၃)လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | ၂၀,၅၀၃.၈၇၄ | -၂၀,၅၀၃.၈၇၄ | ၆.၇၀၀ | ၅,၃၉၀.၈၈၅ | -၅,၃၈၄.၁၈၅ | | ၂၆.၀၀% |
| ၂ | ကယားပြည်နယ် | | ၁၉,၀၀၃.၄၂၄ | -၁၉,၀၀၃.၄၂၄ | ၆.၉၄၀ | ၂,၄၂၇.၉၈၀ | -၂,၄၂၀.၀၄၀ | | ၁၂.၇၈% |
| ၃ | ကရင်ပြည်နယ် | | ၂၉,၅၅၄.၃၄၆ | -၂၉,၅၅၄.၃၄၆ | | ၁၈,၉၉၄.၀၀၀ | -၁၈,၉၉၄.၀၀၀ | | ၆၄.၂၇% |
| ၄ | ချင်းပြည်နယ် | | ၂၆,၇၉၈.၈၁၁ | -၂၆,၇၉၈.၈၁၁ | ၁၀.၀၀၀ | ၁၉,၁၁၂.၃၅၈ | -၁၉,၁၀၂.၃၅၈ | | ၇၁.၃၂% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၂၄,၀၃၁.၁၅၆ | -၂၄,၀၃၁.၁၅၆ | ၀.၀၂၁ | ၄,၄၂၃.၆၆၂ | -၄,၄၂၃.၆၄၁ | | ၁၈.၄၁% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | ၃၇,၂၀၅.၉၃၃ | -၃၇,၂၀၅.၉၃၃ | ၃၅.၅၂၅ | ၁၃,၇၆၅.၃၀၀ | -၁၃,၇၂၉.၇၇၅ | | ၃၇.၀၀% |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၁၈,၁၄၄.၈၀၉ | -၁၈,၁၄၄.၈၀၉ | ၄၁.၈၅၉ | ၇၁၄.၆၀၇ | -၆၇၂.၇၄၈ | | ၃.၉၄% |
| ၈ | မကွေးတိုင်းဒေသကြီး | ၀.၁၀၀ | ၅,၅၁၄.၆၂၄ | -၅,၅၁၄.၅၂၄ | ၀.၃၀၀ | ၄,၂၇၄.၁၄၃ | -၄,၂၇၃.၈၄၃ | ၃၀၀.၀၀% | ၇၇.၅၁% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၃၁၂.၂၄၇ | ၂၇,၇၆၈.၃၀၄ | -၁၈,၄၅၆.၀၅၇ | ၅,၀၄၆.၆၅၅ | ၉,၈၃၄.၉၁၂ | -၄,၇၈၈.၂၅၇ | ၅၄.၁၉% | ၃၅.၄၂% |
| ၁၀ | မွန်ပြည်နယ် | | ၁၄,၀၄၀.၀၃၈ | -၁၄,၀၄၀.၀၃၈ | ၆၀၃.၀၀၀ | ၁၀,၉၉၉.၁၂၉ | -၁၀,၃၉၆.၁၂၉ | | ၇၈.၃၄% |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၆၉၈.၆၀၁ | ၂၇,၆၂၈.၁၁၁ | -၂၄,၉၂၉.၅၁၀ | ၁,၅၄၇.၆၀၅ | ၈,၈၄၉.၃၆၁ | -၇,၃၀၁.၇၅၆ | ၅၇.၃၅% | ၃၂.၀၃% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅,၉၈၃.၅၀၀ | ၈၃,၆၆၉.၀၄၉ | -၇၇,၆၈၅.၅၄၉ | ၇,၇၁၅.၁၃၉ | ၂၀,၄၈၃.၃၅၄ | -၁၂,၇၆၈.၂၁၅ | ၁၂၈.၉၄% | ၂၄.၄၈% |
| ၁၃ | ရှမ်းပြည်နယ် | | ၂၆,၆၉၅.၁၃၅ | -၂၆,၆၉၅.၁၃၅ | ၃.၆၀၀ | ၁၈,၂၁၄.၅၇၀ | -၁၈,၂၁၀.၉၇၀ | | ၆၈.၂၃% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | ၁၈,၁၂၉.၈၈၆ | -၁၈,၁၂၉.၈၈၆ | ၈.၀၂၅ | ၃,၆၈၂.၉၆၂ | -၃,၆၇၄.၉၃၇ | | ၂၀.၃၁% |
| | စုစုပေါင်း | ၁၇,၉၉၄.၄၄၈ | ၃၇၉,၆၈၇.၅၀၀ | -၃၆၁,၆၉၃.၀၅၂ | ၁၅,၀၂၅.၃၆၉ | ၁၄၁,၃၆၇.၂၂၃ | -၁၂၆,၃၄၁.၈၅၄ | ၈၃.၅၀% | ၃၇.၂၃% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ် (အောက်တိုဘာလ မှ ဒီဇင်ဘာလအထိ)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ပထမ (၃) လပတ်အတွက် လျာထားချက် | | | ပထမ (၃) လပတ် အတွက် ယာယီစာရင်း | | | ပထမ (၃)လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁,၄၇၃.၇၅၀ | | +၁၁,၄၇၃.၇၅၀ | ၈၂၄.၈၀၀ | | + ၈၂၄.၈၀၀ | ၇.၁၉% | |
| ၁၀ | မွန်ပြည်နယ် | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇,၄၂၄.၂၈၀ | | +၂၇,၄၂၄.၂၈၀ | ၉,၈၈၆.၅၈၂ | | +၉,၈၈၆.၅၈၂ | ၃၆.၀၅% | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၀၇၂ | | +၉.၀၇၂ | ၁၀.၃၅၄ | | +၁၀.၃၅၄ | ၁၁၄.၁၃% | |
| | စုစုပေါင်း | ၃၈,၉၀၇.၁၀၂ | - | +၃၈,၉၀၇.၁၀၂ | ၁၀,၇၂၁.၇၃၆ | - | +၁၀,၇၂၁.၇၃၆ | ၂၇.၅၆% | |

**<u>တိုင်းဒေသကြီး / ပြည်နယ်များ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ် အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေအားသုံးသပ်တင်ပြချက်</u>**

**ရငွေ**

၁။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ်တွင် တိုင်းဒေသကြီး / ပြည်နယ် (၁၄) ခု၏ စုစုပေါင်းရငွေကို ကျပ် **၁,၂၇၉,၇၀၃.၈၀၃** သန်း လျာထားခဲ့ရာ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် **၁,၃၉၇,၇၈၁.၆၂၅** သန်း ဖြစ်သဖြင့် ရာခိုင်နှုန်းအားဖြင့် **၁၀၉.၂၃ %** ဖြစ်ပါသည်။ လျာထားချက် ထက်ပိုမို ရရှိခြင်းမှာအောက်ပါတို့ကြောင့်ဖြစ်ပါသည်-

(က) **သာမန်ရငွေ။** လျာထားကျပ် ၁,၂၂၂,၈၀၂.၂၆၃ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၃၇၂,၀၃၄.၅၂၀ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၁၂.၂၀% ဖြစ်ပါသည်။ လျာထားချက်ထက်ပိုမိုရရှိခြင်းမှာ-

(၁) <u>ကချင်ပြည်နယ်။</u> လျာထားကျပ် ၉၄,၇၁၈.၆၉၆ သန်း ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၀၀,၈၇၁.၀၁၀ သန်း၊ အကောင်အထည်ဖော်နိုင်မှုမှာရာခိုင်နှုန်း ၁၀၆.၅၀% ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ရေအားလျှပ်စစ်ခတ်အားခရငွေ၊ ဘဏ္ဍာသိမ်းရငွေ၊ တင်ဒါလျှော့ကျလွှာ ရောင်းရငွေ၊ ကုမ္ပဏီ/ ဌာနများမှ ပြန်သွင်းငွေဒဏ်ငွေရငွေများ လျာထားချက်မရှိပဲရရှိခြင်း ၊ သတ္တုခွန်နှင့်အခွန်ဝေစုရငွေများ လျာထားချက်ထက်ရရှိခြင်း ၊ ပြည်နယ်တရားလွှတ်တော် မိတ္တူကူးခတိုးမြှင့် သတ်မှတ်ကောက်ခံခြင်း၊ ငွေဒဏ်ရိုက်သည့်အမှုများများပြားခြင်း၊ မော်တော်ယာဉ်အမှုများခြင်း၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ မချမ်းဘောနှင့် မံစီမြို့နယ်တို့တွင် ရုံးအသစ်ဆောက်၍ ရုံးဟောင်း၏ ဆယ်တင်ပစ္စည်းများရောင်းချရငွေ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင် ၊ မြို့နယ်များ၏ အထွေထွေရငွေများနှင့် အခွန်အခ ရငွေများပိုမိုရရှိခြင်း ၊ ငါးလုပ်ငန်းဦးစီးဌာနတွင် အခွန်ရငွေလျာထားချက်မရှိ သော်လည်းယခင်နှစ် ကြွေးကျန်များရရှိခြင်း၊ သမဝါယမဦးစီးဌာန၏ အသင်း မှတ်ပုံတင်လဲလှယ်ကြေးနှင့် ရုံဟောင်းဆယ်တင်ပစ္စည်းရောင်းချရငွေများ ရရှိခြင်း၊ သစ်တောဦးစီးဌာန၏ ပုံစံ(၈) သစ်များ ရောင်းချရငွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ထုတ်ယူသောသစ်မာခေါင်းစဉ်တွင် ဖမ်းဆီးသစ်များအား ဒေသတန်ဖိုး(၂)ဆဖြင့် ပိုင်ရှင်သို့ပြန်လည် ပေးအပ်ခြင်းမှရငွေ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဇန်းမော်ခရိုင်မှဆိုင်ခန်းများ (၆)လစာ ငှားရမ်းခ ကြိုတင်ရရှိခဲ့ခြင်း၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အဆောက်အဦဟောင်းဖျက်သိမ်းရာတွင် ပေးသွင်းသည့် ငွေအားဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်းမှရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင်

အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချခြင်းမှ လေလံကြေးအကြေပေးသွင်းခြင်းမှ ရရှိခဲ့ခြင်းကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်း ဖြစ်ပါသည်။

(၂) <u>ကရင်ပြည်နယ်</u>။ လျာထားကျပ် ၅၀,၈၇၉.၁၀၈ သန်း ၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၅၅,၅၂၅.၈၆၃ သန်း၊ အကောင်အထည်ဖော်နိုင်မှုမှာ ရာခိုင်နှုန်း ၁၀၉.၁၃% ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် အပိုတံဆိပ်ခေါင်းခွန် (၂%) တို့မှ ရရှိခြင်း၊ ပြည်နယ်လွှတ်တော်မှ တင်ဒါရောင်းချရငွေများရရှိခြင်း၊ ပြည်နယ်၏ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) လျှောက်လွှာများ ရောင်းချခြင်းမှရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးလိုင်စင်ကြေးများရရှိခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွဲ ၊ နွား ရောဂါကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်၊ တိရိစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်၊ မျိုးခြံမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် ပျားဘုရင်မရောင်းချငွေများမှ ရရှိခြင်း၊ သစ်တောဦးစီးဌာနမှ မျှောစာခွန်ပေးသွင်းခြင်း၊ သစ်စက်လျှာထိုးစက်၊ သစ်/ပရိဘောဂအရောင်းဆိုင်၊ လက်ကိုင်စက်လွှများမှ အခွန်နှင့်ဒဏ်ကြေးများရရှိခြင်း၊ လေလံအောင်မြင်သော သစ်များသယ်ယူခြင်း၊ လင်းနို့ချေးလေလံလျှောက်လွှာများရောင်းချခြင်းမှရရှိခြင်း၊ လမ်းဦးစီးဌာနမှ အခြားပစ္စည်းဟောင်းရောင်းရငွေ၊ လုံခြုံမှုစစ်ဆေးခရငွေနှင့် အရည်အသွေး စစ်ဆေးခရငွေတို့မှ ရရှိခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်ဒါပုံစံရောင်းရငွေများရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ငှားရမ်းခနှင့်အခကြေးငွေများ၊ လုပ်ငန်းလိုင်စင်ခများ၊ ဒဏ်ကြေးငွေများနှင့်အထွေထွေရငွေတို့မှရရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်းဖြစ်ပါသည်။

(၃) <u>ပဲခူးတိုင်းဒေသကြီး။</u> လျာထား ကျပ် ၁၁,၄၀၁.၂၈၄ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉၁,၇၇၀.ဖ၆၄ သန်း ၊ အကောင်အထည်ဖော်နိုင်မှုမှာ ရာခိုင်နှုန်း ၈၀၄.၉၂ % ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် တင်ဒါလျှောက်လွှာရောင်းရငွေ၊ ကျွဲ ၊ နွားများ သယ်ဆောင်ခ၊ စက်မှုဇုန်မြေငှားရမ်းခမြေခွန်ပေးသွင်းခြင်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အခွန်ဝေစုရငွေများပေးသွင်းခြင်း၊ ဥပဒေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံးနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့တွင် လျှောက်လွှာ၊ တင်ဒါလျှောက်လွှာနှင့် သင်တန်းကြေးရငွေများ ရရှိခြင်း၊ မီးသတ်ဦးစီးဌာနတွင် စက်ရုံ ၊ အလုပ်ရုံနှင့် အထပ်မြင့်အဆောက်အဦများ ပိုမို

တည်ဆောက်လာသဖြင့် ဆောင်ရွက်ပေးမှုရငွေများရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် စပါးသန့်စင်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းမှ ရငွေရရှိခြင်း၊ သမဝါယမဦးစီးဌာနတွင် ပစ္စည်းဟောင်းရောင်းရငွေ၊ မှတ်ပုံတင်ကြေးများ၊ အိမ်ခန်းငှားရမ်းခ၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းငွေများနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများရရှိခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် နောက်ကျဒဏ်ကြေးများနှင့် တင်ဒါလျှောက်လွှာရောင်းရငွေမှရရှိခြင်း ၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ တင်ဒါလျှောက်လွှာပုံစံရောင်းချငွေရရှိခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ပထမ(၃)လပတ်၌ လျာထားခြင်းမရှိဘဲ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းမှ ပထမအကြိမ်ထောက်ပံ့ငွေရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် ပစ္စည်းခွန်များကောက်ခံရာတွင် ခေတ်ကာလနှင့်လျော်ညီသော အခြေခံစံနှုန်းခနှုန်းထားများ ပြင်ဆင်သတ်မှတ်ကောက်ခံခြင်း၊ ဘီးခွန်များကောက်ခံရာတွင် ခရိုင်(၄) ခရိုင်ရှိ က.ည.န ဦးစီးများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် မြို့နယ်များတွင် ဘီးခွန်များရရှိခဲ့ခြင်း၊ အဆောက်အဦကြီးကြပ်ခ၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ် စိုက်ထူခ၊ စားသောက်ဆိုင်နှင့် ဘေးအန္တရာယ်လုပ်ငန်းလိုင်စင်ခများအား နှုန်းထားအသစ်တိုးမြှင့်ကောက်ခံခြင်းနှင့် အတိုးရငွေများရရှိခြင်းစသည်တို့ကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်းဖြစ်ပါသည်။

(၄) <u>မွန်ပြည်နယ်။</u> လျာထား ကျပ် ၅၅,၅၁၈.၆၄၄ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၉,၅၄၀.၈၉၉ သန်း ။ အကောင်အထည်ဖော်နိုင်မှုမှာ ရာခိုင်နှုန်း ၁၀၇.၂၄% ဖြစ်ပါသည်။ ပြည်နယ်အစိုးရအဖွဲ့မှ ဒဏ်ကြေးငွေ၊ ရော်ဘာပင်ရောင်းချရငွေ၊ စစ်တောင်းစက္ကူစက် ဝန်ထမ်းအိမ်ရာမှ မီတာခရငွေ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ပြုလုပ်ခြင်းရငွေ၊ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရရှိငွေ၏ ၁၅ % အခွန်ဝေစုရငွေတို့မှရရှိခြင်း၊ ပြည်နယ်လွှတ်တော်ရုံးမှ ဥပဒေစာအုပ်များ ရောင်းချရငွေမှရရှိခြင်း၊ ပြည်နယ်တရားလွှတ်တော်ရုံးမှ ယစ်မျိုးမှုများနှင့် အခြားရာဇဝတ်မှုများမှ ကောက်ခံရရှိသည့် ဒဏ်ကြေးငွေများ၊ မိတ္တူကူးခရငွေများ၊ ပြည်နယ်ဥပဒေချုပ်ရုံးမှ စာမေးပွဲဝင်ကြေးများရရှိခြင်း၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ပစ္စည်းဟောင်းရောင်းချရငွေမှရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒဏ်ကြေးနှင့်လုပ်ငန်းလျှောက်လွှာ ရောင်းချရငွေများပိုမိုရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းမှ မှတ်ပုံတင်သက်တမ်းတိုးခြင်း ရငွေများ၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တင်ဒါလျှောက်လွှာရောင်းချရငွေနှင့် ဒဏ်ကြေးငွေတို့ရရှိခြင်း၊ လမ်းဦးစီးဌာနမှ ဘဏ်နှင့်အချုပ်ခန်း စစ်ဆေးခရငွေ၊

ကြော်ငြာဆိုင်းဘုတ် စိုက်ထူခရငွေနှင့် ယမ်းတိုက်မြေနေရာ ငှါးရမ်းခရငွေများ ပိုမိုရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ အဆောက်အဦစစ်ဆေးခြင်းမှ ရငွေ၊ အမှိုက်နှင့် အညစ်အကြေးသိမ်းဆည်းခြင်းမှရငွေ၊ ရေပေးခြင်းမှရငွေ၊ အနေး ယာဉ်ပိုင်ရှင် လိုင်စင်ပြောင်းလဲခရငွေ၊ အဆောက်အဦ၊ မြေ၊ ဈေးများနှင့် ဈေးဆိုင်ခန်း၊ သားသတ်ရုံခ၊ အများသုံးအိမ်သာနှင့် ရေချိုးခန်းများစသည်တို့မှ ငှားရမ်းခ၊ ယာဉ်ရပ်နားစခန်းဝင်ကြေးနှင့် ရပ်နားခ၊ ယာဉ်စောင့် လုပ်ငန်းမှရငွေ၊ စီးပွားရေး ကြော်ငြာဆိုင်းဘုတ် စိုက်ထူခ၊ သုသန်မြေများနှင့် နိဗ္ဗာန်ယာဉ်ငှားခ၊ မီးသင်္ဂြိုလ် စက်နှင့် ဇရပ်အသုံးပြုခြင်းမှ ရငွေ၊ သားသတ်နှင့် အသားရောင်းလိုင်စင်ခများ ၊ အခြားအခွင့်အရေး လိုင်စင်ခများ၊ ဒဏ်ကြေးငွေများ၊ စီးပွားရေးကုန်သွယ် လုပ်ငန်းမှ အမြတ်ရငွေနှင့် အတိုးရငွေ တို့ကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်း ဖြစ်ပါသည်။

(၅) <u>ရန်ကုန်တိုင်းဒေသကြီး။</u> လျာထားကျပ် ၁၇၅,၅၃၁.၉၂၈ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၂၀၃,၈၀၁.၃၈၆ သန်း ၊ အကောင်အထည်ဖော်နိုင်မှုမှာ ရာခိုင်နှုန်း ၁၁၆.၁၁% ဖြစ်ပါသည်။ အခွန်အကောက်ရငွေ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယစ်မျိုးခွန်နှင့် ဓါတ်သတ္တုခွန်များ ပိုမိုကောက်ခံရရှိခြင်း၊ သစ်တောဦးစီးဌာနမှ အခြားအသေးအဖွဲ သစ်တောထွက်ပစ္စည်းများဖြစ်သည့် ဓနိ၊ သက္ကယ်၊ ရှားစေး တို့အပေါ် အခွန်ငွေပိုမိုကောက်ခံရရှိခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မော်တော်ယာဉ်များ များပြားလာ၍ ဘီးခွန်နှင့်ပစ္စည်းခွန်များ မျှော်မှန်းသည်ထက် ပိုမိုရရှိခြင်းကြောင့် အခွန်အကောက်ရငွေများ လျာထားသည်ထက် တိုးမြှင့်ရရှိခဲ့ ပါသည်။ အခြားသာမန်ရငွေတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး လွှတ်တော်တို့တွင် လုပ်ငန်းစီမံကိန်းများမှ ဒဏ်ကြေးရငွေနှင့် ဝန်ထမ်းအိမ်ရာ(၂)လုံးမှ ဒဏ်ကြေးရငွေများရရှိခြင်း၊ ဥပဒေချုပ်ရုံး ၊ အထူးစုံးစမ်းစစ်ဆေးရေးဦးစီးဌာန ၊ စိုက်ပျိုးရေးဦးစီးဌာန ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တင်ဒါလျှောက်လွှာရောင်းရ ငွေများ၊ စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းနုတ်ထွက်လျော်ကြေးရငွေ၊ မီးသတ်ဦးစီး ဌာနမှ အထပ်မြင့်အဆောက်အဦများ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခရငွေ များရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အင်းစိန်မြို့နယ်ရုံးမှ မြေငှားဂရန် အထူးဝန်ဆောင်ခရငွေ၊ တင်ဒါပုံစံရောင်းချရငွေ၊ အသင်းအဖွဲ့မှတ်ပုံတင်ကြေးများ ရရှိခြင်း၊ မြေဂရန်ဒဏ်ကြေးငွေများ ပိုမိုရရှိခဲ့ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ

ငါးသားပေါက်များ ရောင်းချရငွေ ဝန်ထမ်းအိမ်ရာဌာနရမ်းခွင့်တင်ဒါ လျှော့က်လွှာရောင်းရငွေများ ပိုမိုရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခါတ်ခွဲစမ်းသပ်ခရငွေ၊ သင်တန်းအတွက်ရငွေ၊ မှတ်ပုံတင်လျှော့က်လွှာရောင်းရငွေနှင့် မှတ်ပုံတင်သက်တမ်းလွန် ဒဏ်ကြေးရငွေများရရှိခြင်း၊ သစ်တောဦးစီးဌာနမှ သစ်စက်များလိုင်စင်သက်တမ်း တိုးမြှင့်ခြင်းကြောင့် ရငွေများရရှိခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ သန်လျင်မြို့နယ် ရေကူးကန်ဝင်ကြေးများ ရရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ဝန်ဆောင်မှုအတွက်ရငွေနှင့် အတည်ပြုမိန့်အတွက်ပုံစံရောင်းရငွေများ ရရှိခြင်း၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနတွင် ဗွီဒီယိုလုပ်ငန်းမှ လိုင်စင်ကြေးရငွေများ ရရှိခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်းဖြစ်ပါသည်။

(၆) <u>ရောဝတီတိုင်းဒေသကြီး။</u> လျာထားကျပ် ၈၁,၄၂၅.၅၃၅ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈၆,၉၄၁.၇၅၂ သန်း ၊ အကောင်အထည် ဖော်နိုင်မှုမှာ ရာခိုင်နှုန်း ၁၀၆.၇၇% ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် မြို့နယ်များမှရေခွန်ကြွေးကျန်များ ကောက်ခံရရှိခြင်း၊ ဆိပ်ကမ်းကပ်ခ၊ မြေယာနှင့် ဆိုင်ကယ်ဒဏ်ကြေး ပေးသွင်းခြင်းမှ ရငွေများ၊ ရုပ်ရှင်လိုင်စင်ခ၊ ဆိုင်ခန်းငှါးရမ်းခရငွေများ ရရှိခြင်း၊ တရားလွှတ်တော်မှ ဘဏ္ဍာသိမ်း ကျွဲ၊ နွား၊ ဆိုင်ကယ်၊ စက်လှေနှင့် သင်္ဘော်များ လေလံတင်ရောင်းချရငွေများရရှိခြင်း၊ မော်တော်ယာဉ်မှုများမှဒဏ်ငွေများရရှိခြင်း၊ မီးသတ်ဦးစီးဌာနတွင် အထပ်မြင့်အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခ ပေးသွင်းငွေများရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးတွင် ယစ်မျိုးခွန်များစောလျင်စွာ ကောက်ခံရရှိခြင်း ၊ တာတမံခွန်ကြွေးကျန်များ ကောက်ခံရရှိခြင်း၊ ဘိလိယက်ခုံလိုင်စင်ကြေး၊ ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်းများမှ ရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် ပိုးသတ်ဆေးလိုင်စင်ကြေးများ တိုးမြှင့်ခဲ့သဖြင့် ရရှိခြင်း၊သစ်တောဦးစီးဌာနတွင် ပုံစံ(၈)သစ်များ ရောင်းချခြင်းနှင့် ဓနိဖူးခြောက် ထုတ်လုပ်ခြင်းမှ အခွန်ငွေရရှိခြင်း၊ ဖမ်းဆီးသစ် ဒဏ်ကြေးရငွေများရရှိခြင်း၊ လမ်းဦးစီးဌာနတွင် ကတ္တရာပုံးခွံများ လေလံတင်ရောင်းချရငွေများခန့်မှန်းသည် ထက်ပိုမိုရရှိခြင်း၊စည်ပင်သာယာရေးအဖွဲ့တွင်လေလံကြေးငွေများအကြေပေးသွင်း၍ရရှိခြင်း၊ အဆောက်အအုံစစ်ဆေးခများ၊ လုပ်ငန်းလိုင်စင်ခများပြည့်မီကျော်လွန်စွာ ကောက်ခံရရှိခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်း ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းရငွေ။** လျာထားကျပ် ၁၇,၉၉၄.၄၄၈ သန်း ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၅,၀၂၅.၃၆၉ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၈၃.၅၀% ဖြစ်ပါသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် တန်ဖိုးမြှင့်အိမ်ရာတိုက်ခန်းမဲပေါက်သူများမှ လာရောက်ပေးသွင်းခြင်းမရှိသေးခြင်းနှင့် တန်ဖိုးနည်းအိမ်ရာများ ရောင်းချရငွေများ ရရှိရန်လျာထားခဲ့သော်လည်း အပြည့်အဝမရရှိခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရရှိခြင်း ဖြစ်ပါသည်။

(ဂ) <u>**ကြွေးမြီရငွေ။**</u> လျာထားကျပ် ၃၈,၉၀၇.၁၀၂ သန်း ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၀,၇၂၀.၇၃၆ သန်း၊အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း၂၇.၅၆% ဖြစ်ပါသည်။ အမရပူရမြို့နယ် ရေပေးဝေရေးလုပ်ငန်းတွင် လုပ်ငန်းခွင်အခက်အခဲများကြောင့် နှောင်းနှေးမှုများဖြစ်ပေါ်၍ ငွေပေးချေနိုင်မှုမရှိခြင်း၊ ကုက္ကိုဝမြစ်ရေပေးဝေရေး စီမံကိန်း၊ လဂွန်းပြင်ရေပေးဝေရေး စီမံကိန်း(မစို)နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲမှုစီမံကိန်းတို့အတွက် အသေးစိတ်ဒီဇိုင်းများရေးဆွဲခြင်းနှင့် နိုင်ငံတကာကန်ထရိုက်များကို တင်ဒါခေါ်ယူဆောင်ရွက်နေဆဲကာလဖြစ်ပါ၍ ရငွေရရှိမှု လျာထားချက်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

**အသုံးစရိတ်**

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ်တွင် တိုင်းဒေသကြီး/ ပြည်နယ် (၁၄) ခု၏ စုစုပေါင်းအသုံးစရိတ်ကို ကျပ် **၆၀၆,၄၅၉.၀၃၈** သန်း လျာထားခဲ့ရာ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် **၃၀၆,၈၄၁.၄၃၃** သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း **၅၀.၆၀ %** ဖြစ်ပါသည်။ လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းမှာ -

(က) **သာမန်အသုံးစရိတ်** ။ လျာထား ကျပ် ၂၂၆,၇၇၁.၅၃၈ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၆၅,၄၇၄.၂၀၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၇၂.၉၇ % ဖြစ်ပါသည်။

(၁) <u>ချင်းပြည်နယ်</u> ။ လျာထား ကျပ် ၇,၄၆၃.၂၀၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅,၀၇၁.၈၄၄ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၆၇.၉၆% ဖြစ်ပါသည်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများတွင် ခရီးစရိတ်၊ နေ့တွက်စရိတ်၊ လုပ်ငန်းတင်ဒါကြော်ငြာခများ ထုတ်ယူမှုမရှိခြင်း၊ တယ်လီဖုန်းအသုံးစရိတ်၊ ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီ ၊ ရုံးအသုံးအဆောင်ပစ္စည်းများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်တို့တွင် ထုတ်ယူမှုနည်းပါးခြင်း သင်တန်းများဖွင့်လှစ်မှု

မရှိသေးခြင်း၊ ရုံးအဖွဲ့ဝန်ထမ်းများအတွက် သင်တန်းဖွင့်လှစ်မှုမရှိသေးခြင်း၊ အထက်မြန်မာပြည်သင်တန်းတက်ရောက်သူ နည်းပါးခြင်းတို့ကြောင့် လျော့နည်းသုံးစွဲခြင်း၊ စက်လည်ပတ်ရန် လောင်စာတောင်းခံမှုမရှိခြင်း၊ ကုန်တင်ခနှင့် ကိုင်တွယ်ခများ တောင်းခံမှုမရှိသေးခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်းများဝယ်ယူနိုင်မှု မရှိသေးခြင်း၊ ဝန်ထမ်းများ ခရီးသွားလာမှုနည်းပါးခြင်းနှင့် နယ်လှည့်ကွင်းဆင်းရန် အခက်အခဲရှိခြင်းတို့ကြောင့် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(၂) <u>စစ်ကိုင်းတိုင်းဒေသကြီး</u>။ လျာထားးကျပ်၂၅,၀၃၉.၆၁၆သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၆,၀၆၃.၅၂၈သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၆၄.၁၅% ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများ ကျင်းပနိုင်ခဲ့မှုမရှိခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်းမရှိသည့်အတွက် လျော့နည်းရခြင်း၊ ရုံးအကူဝတ်စုံနှင့် အခြားငွေစာရင်းခေါင်းစဉ်များ မထုတ်ယူရသေးခြင်း၊ အဆောက်အဦပြင်ဆင်စရိတ်များအား နယ်ရုံးများသို့ ခွဲဝေမပေးရခြင်းကြောင့် လျော့နည်းရခြင်း၊ ရုံးအဆောက်အဦများပြင်ဆင်ရန် လျာထားခဲ့သော်လည်း ပြင်ဆင်ဆောင်ရွက်မှုမရှိခဲ့ခြင်း၊ မီးအာမခံကြေးပေးသွင်းမှုမရှိခြင်း၊ ဓါတ်ဆီဝယ်ယူမှုလျော့နည်းခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းအား သွားရောက်စစ်ဆေးမှုလျော့နည်းသဖြင့် သုံးစွဲမှုမရှိခြင်း၊ တယ်လီဖုန်းခများပေးဆောင်ရမှုမရှိခြင်း၊ အရေးပေါ်ရန်ပုံငွေအားသုံးစွဲမှုမရှိခြင်း၊ ထုတ်လုပ်မှုစရိတ်(ပြင်/ထိန်း) အသုံးစရိတ်များ အပြည့်အဝသုံးစွဲမှုမရှိခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(၃) <u>တနင်္သာရီတိုင်းဒေသကြီး</u>။ လျာထား ကျပ် ၇,၀၂၂.၀၄၂ သန်း ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၆၈၈.၁၉၇ သန်း ၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၅၂.၅၂% ဖြစ်ပါသည်။ တိုင်းဒေသကြီးအဆင့်ဌာန၊အဖွဲ့အစည်းများတွင် (ဆည်မြောင်း) သာမန်/အထူး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း ရန်ပုံငွေထုတ်ယူခွင့် တောင်းခံနေဆဲဖြစ်သောကြောင့် အသုံးစရိတ်များ လျော့နည်းရခြင်း၊ လမ်းအထူးအဖွဲ့များသို့ အသုံးစရိတ်များမပေးချေရသေးခြင်း ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ပြင်ဆင်ထိန်းသိမ်းစရိတ်တွင် မြို့နယ်များ၌ Outdoor Fitness တပ်ဆင်ရန်နှင့် ဘောလုံးကွင်းများ ပြင်ဆင်ရန်ကျန်ရှိ

နေခြင်းနှင့် ပညာရေးနှင့်လူမှုရေးအသုံးစရိတ်တွင် ဘောလုံးနည်းပြသင်တန်းအား ဖွင့်လှစ်ရန် ရပ်ဆိုင်းထားခြင်း၊ ညှိနှိုင်းခံကျွေးမွေးစရိတ်တွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၊ သင်တန်းများအတွက် ကျွေးမွေးစရိတ်များ မသုံးစွဲသေးခြင်း၊ လျှပ်စစ်ဓါတ်အားကို ခြိုးခြံချွေတာစိစစ်သုံးစွဲခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(၄) <u>မန္တလေးတိုင်းဒေသကြီး</u>။ လျာထားကျပ် ၃၈,၈၂၅.၂၇၇သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၃,၂၉၁.၂၃၃ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၅၉.၉၉ % ဖြစ်ပါသည်။ တိုင်းဒေသကြီးအဆင့် ဌာန ၊ အဖွဲ့အစည်းများတွင် လုပ်ငန်းသုံးမော်တော်ယာဉ်များ အသုံးပြုရန်အတွက် စက်သုံးဆီဖိုးများကိုပေးရန် လျော့နည်းခြင်း၊ နိုင်ငံခြားသား ညှိသည်များနှင့် တွေ့ဆုံညှိခံမှု အကြိမ်ရေလျော့နည်းခြင်း၊ လီဆူးတိုင်းရင်းသား စာပေသင်တန်းမှ တောင်းခံသည့်အသုံးစရိတ်များ လျော့နည်းသုံးစွဲခြင်း၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေအား ငွေတိုက်ဦးစီးဌာနမှ ပေးပို့လာခြင်းမရှိ၍ ခန့်မှန်းသည်ထက်လျော့နည်း သုံးစွဲခြင်း၊ နေ့စားဝန်ထမ်းများ ခန့်ထားနိုင်မှု မရှိခြင်း၊ လျှပ်စစ်ဓာတ်အားခများ လျော့နည်းသုံးစွဲခြင်း ၊ တံဆိပ်ခေါင်း၊ ကြေးနန်းနှင့် တယ်လီဖုန်းခများ လျော့နည်းသုံးစွဲခြင်း၊ ဌာနပိုင်မော်တော်ယာဉ်များ ပြင်ဆင်ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်။ လျာထားကျပ် ၃၇၉,၆၈၇.၅၀၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၄၁,၃၆၇.၂၂ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၃၇.၂၃ % ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ-

(၁) <u>ကယားပြည်နယ်</u>။ လျာထားကျပ် ၁၉,၀၀၃.၄၂၄ သန်း၊ အကောင်အထည်ဖော် နိုင်မှု ကျပ် ၂,၄၂၇.၉၈၀ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၂.၇၈% ဖြစ်ပါသည်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများတွင် တည်ဆောက်ရေးနှင့် စက်ကိရိယာများအား တင်ဒါခေါ်ယူဆဲကာလဖြစ်သဖြင့် ရန်ပုံငွေမသုံးစွဲနိုင်ခြင်း၊ အဆောက်အဦနှင့် အခြားတည်ဆောက်ရေးလုပ်ငန်း များအား လျာထားသည့်အတိုင်း ငွေထုတ်ယူမှုမရှိခြင်း ၊ လုပ်ငန်းပြောင်းလဲဆောင်ရွက်

ခွင့်ပြုမိန့်တောင်းခံထားဆဲဖြစ်ခြင်း၊ တင်ဒါအောင်မြင်သူ လုပ်ငန်းရှင်များမှ ငွေထုတ်ယူမှုမရှိသေးခြင်း၊ အရေးပေါ်ရန်ပုံငွေ သုံးစွဲမှုမရှိသေးခြင်းစသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(၂) စစ်ကိုင်းတိုင်းဒေသကြီး။ လျာထားကျပ်၂၄,၀၃၁.၁၅၆သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၄၂၃.၆၆၂ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၈.၄၁ % ဖြစ်ပါသည်။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများတွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ လုပ်ငန်းများစတင်ရန် လျာထားသော်လည်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ လုပ်ငန်းများမပြီးစီး၍ ငွေထုတ်ပေးမှုမရှိခြင်း၊ အဝီစိတွင်းတူးရန် လျာထားသော်လည်း ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ရုံးသုံးစက်ကိရိယာများ မဝယ်ယူရသေးခြင်း၊ တည်ဆောက်ရေးကော်မတီမှ လုပ်ငန်းများအတွက် တွက်ချက်မှုအား စိစစ်ဆဲ၊ တင်ဒါခေါ်ယူဆဲကာလဖြစ်သောကြောင့် လုပ်ငန်းဆောင်ရွက်မှုမရှိသေးခြင်းတို့ကြောင့် လျာထားချက်ထက်လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(၃) ပဲခူးတိုင်းဒေသကြီး။ လျာထား ကျပ် ၁၈,၁၄၄.၈၀၉ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၁၄.၆၀၇ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၃.၉၄ % ဖြစ်ပါသည်။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများတွင် တင်ဒါလုပ်ငန်းများပြီးပြတ်မှုမရှိခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ငွေထုတ်ယူခွင့် သတ်မှတ်ရာခိုင်နှုန်းသို့မရောက်ရှိခြင်း၊ ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂနှင့် အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရေးအတွက် ဝန်ကြီးခွင့်ပြုမိန့်မရရှိသေးခြင်းနှင့် ထုတ်ယူသုံးစွဲမှုမရှိခြင်း၊ ရုံးသုံးစက်ကရိယာနှင့် ရုံးသုံးပရိဘောဂများဝယ်ယူနိုင်မှုမရှိခြင်း၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှကျောက်၊ ကတ္တရာ၊ ဘိလပ်မြေစသည့်ပစ္စည်းများ ပေးသွင်းပြီးသော်လည်း ငွေတောင်းခံခြင်း မပြုသေးခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

(၄) ဧရာဝတီတိုင်းဒေသကြီး။ လျာထားကျပ် ၁၈,၁၂၉.၈၈၆ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၆၈၂.၉၆၂ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၂၀.၃၁% ဖြစ်ပါသည်။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန ၊ အဖွဲ့အစည်း

များတွင် ဆောင်ရွက်ဆဲလုပ်ငန်းများ ရာခိုင်နှုန်းအလိုက်ပြီးဆုံးသော်လည်း ငွေထုတ်ယူမှု မရှိခြင်း၊ လုပ်ငန်းများဆောင်ရွက်ရန် လျာထားခဲ့သော်လည်း အထက်အဆင့်သို့ တင်ပြထားဆဲဖြစ်ခြင်း၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများ လျော့နည်း သုံးစွဲခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအား တင်ဒါစနစ်ခေါ်ယူနေပါသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ သုံးစွဲမှုလျော့နည်းခြင်း ၊ကတ္တရာ၊ ကျောက်မျိုးစုံနှင့် လမ်းခင်းဆက်စပ်ပစ္စည်းများ တင်ဒါခေါ်ယူ၍ ပစ္စည်းစုဆောင်းဆဲဖြစ်သောကြောင့် လျော့နည်းသုံးစွဲရခြင်း၊ အဆောက်အဦး၊ လမ်း၊ တံတားလုပ်ငန်းများ စက်ကိရိယာတန်ဆာပလာများ၊ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သောကြောင့် ထုတ်ယူမှုမရှိသေးပါသဖြင့်စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း ဖြစ်ပါသည်။

**သုံးသပ်တင်ပြချက်**

၃။(က) တိုင်းဒေသကြီး / ပြည်နယ်များအနေဖြင့် ရငွေပိုင်းတွင် လျာထားချက်ထက်ပိုမိုရရှိခဲ့သည်ကိုတွေ့ရှိရပါသည်။ ထိုသို့ပိုမိုရရှိခြင်းမှာ အခွန်အကောက်ရငွေများ လျာထားချက်ထက်ပိုမိုကောက်ခံရရှိခြင်း၊ သာမန်ရငွေတွင် ပိုပေးမိငွေမှ ရငွေများရရှိခြင်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုဥပဒေအရအခကြေးငွေကောက်ခံရန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းကြောင့် ပိုမိုရရှိခြင်း၊ စာရင်းစစ် စစ်ဆေးချက်အရ ပြန်သွင်းငွေရရှိခြင်း၊ ဒဏ်ကြေးရငွေများ၊ ရက်လွန်ကြေးများကောက်ခံရရှိခြင်း၊ လေလံကြေးငွေများ၊ လုပ်ငန်းလိုင်စင်ခများနှင့် အဆောက်အဦစစ်ဆေးခများ ပြည့်မီကျော်လွန်စွာကောက်ခံရရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း ဖြစ်ပါသည်။

(ခ) အသုံးစရိတ်ပိုင်းအနေဖြင့် အချို့တိုင်းဒေသကြီး / ပြည်နယ်များရှိ ဌာန၊ အဖွဲ့အစည်းများသည် သာမန်အသုံးစရိတ်တွင် ခရီးသွားလာမှုနည်းပါးခြင်းကြောင့် ခရီးစရိတ်များတွင် လျော့နည်းသုံးစွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များတွင် လျော့နည်းသုံးစွဲခြင်း၊ အစည်းအဝေးများကျင်းပသည့် အရေအတွက်နည်းပါးခြင်းကြောင့် ဧည့်ခံကျွေးမွေးစရိတ်သုံးစွဲမှုနည်းပါးခြင်း၊ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်တွင် သုံးစွဲမှုနည်းပါးခြင်း စသည်တို့ကြောင့် လျော့နည်းခြင်းဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်တွင် အချို့တိုင်းဒေသကြီး / ပြည်နယ်များ၌ လုပ်ငန်းအတွက် ကြိုတင်ခန့်မှန်းထားသော်လည်း တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဆောက်လုပ်ရန်လျာထားသော်လည်း ဆောက်လုပ်မှုမရှိသေးခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများတွင် ဝယ်ယူမှုနည်းပါးခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းဖြစ်ပါသည်။

(ဂ) တိုင်းဒေသကြီး / ပြည်နယ်အချို့တွင် ခရီးသွားလာစရိတ်များ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ ဧည့်ခံကျွေးမွေးစရိတ်များ လျာထားချက်အတိုင်း မသုံးစွဲနိုင်ခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူဆဲဖြစ်၍ လျာထားသည့်အတိုင်း အပြည့်အဝဆောင်ရွက်နိုင်မှု မရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။